# CHIN NATIONAL FRONT
## General Headquarters
## Chinland

Website: www.cnfhqr.com Email: cnf.headquarters@gmail.com


## ဒေါက်တာစိန်ဝင်း ကွယ်လွန်မှုအတွက် ဝမ်းနည်းခြင်း

### ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ (၇) ရက်

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) ၏ ဝန်ကြီးချုပ်ဟောင်း **ဒေါက်တာစိန်ဝင်း** သည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာစိန်ဝင်းသည် ဖက်ဒရယ်ဒီမိုကရေစီစနစ်နှင့် တရားမျှတမှုအတွက် အစဉ်တစိုက် ကြိုးပမ်းအားထုတ်ခဲ့သော ခေါင်းဆောင်တစ်ဦး ဖြစ်ပါသည်။ NCGUB ၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှ ပေးအပ်ခဲ့သော ပြည်သူ့အာဏာ ထိန်းသိမ်းကာကွယ်ရန်နှင့် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် ဒီမိုကရေစီလှုပ်ရှားမှုများအတွက် နိုင်ငံတကာအသိုက်အဝန်းမှ ထောက်ခံအားပေးမှု ရရှိနိုင်ရန် အရေးပါသော အခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ သူ၏ ယုံကြည်ချက်၊ ကိုယ်ကျင့်တရားမြင့်မြတ်မှုနှင့် အခြေခံမူဝါဒများအပေါ် အခိုင်အမာ ရပ်တည်မှုတို့သည် ဒီမိုကရေစီအရေး၊ တန်းတူရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအတွက် ကြိုးပမ်းနေသော အင်အားစုများအားလုံးအတွက် ခွန်အားတရပ်အဖြစ် အစဉ်အမြဲ ဆက်လက်ကျန်ရှိနေမည် ဖြစ်ပါသည်။

ချင်းအမျိုးသားတပ်ဦးအနေဖြင့် ဒေါက်တာစိန်ဝင်း၏ ပြည်သူ့အကျိုးအတွက် တဘဝလုံး ပေးဆပ်ထမ်းဆောင်ခဲ့မှုနှင့် ဖက်ဒရယ်ဒီမိုကရေစီအရေး လှုပ်ရှားမှုများအတွက် ပံ့ပိုးကူညီခဲ့မှုများကို အဖိုးတန်အမွေအနှစ်အဖြစ် တန်ဖိုးထားကာ လေးစားဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

ဒေါက်တာစိန်ဝင်း ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ချင်းအမျိုးသားတပ်ဦး**